**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**
**ရန်ကုန်တိုင်းဒေသကြီး၊အင်းစိန်ဗဟိုအကျဉ်းထောင်ကို**
**ကြည့်ရှုစစ်ဆေးခြင်းနှင့်ပတ်သက်၍သတင်းထုတ်ပြန်ချက်**
**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သတင်းထုတ်ပြန်ချက်အမှတ်(၃/၂၀၁၅)**

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသော ဦးဇော်ဝင်း၊ ဦးယုလွင်အောင်၊ ဒေါက်တာညဏ်ဇော်နှင့် ဒေါက်တာဒေါ်သန်းနွဲ့ တို့သည် ကော်မရှင်ရုံးဝန်ထမ်းများ လိုက်ပါ၍မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေပုဒ်မ၄၃၊၄၄နှင့်၄၅တို့ပါပြဋ္ဌာန်းချက် များနှင့်အညီရန်ကုန်တိုင်းဒေသကြီး၊အင်းစိန်ဗဟိုအကျဉ်းထောင်အား၁၇-၂-၂၀၁၅ရက်နေ့နှင့်၁၈-၂-၂၀၁၅ရက်နေ့များတွင်အဖွဲ့၄ဖွဲ့ခွဲ၍အောက်ပါအတိုင်းကြည့်ရှုစစ်ဆေးခဲ့ပါသည်-

(က) **<u>အဖွဲ့ (၁)</u>**။ အမှတ် (၁) အိပ်ဆောင်၊အမှတ် (၅) အိပ်ဆောင်တိုက်ခန်းများ လူငယ်ဆောင်၊တရားစခန်း၊တွဲဘက်အလယ်တန်းကျောင်းနှင့်အကျဉ်းထောင် (အင်းစိန်) သို့မဟုတ်တွဲဘက်ထောင်၊

(ခ) **<u>အဖွဲ့ (၂)</u>**။ အမှတ် (၂) အိပ်ဆောင်၊အမှတ် (၄) အိပ်ဆောင်နှင့်မီးဖိုဆောင်၊

(ဂ) **<u>အဖွဲ့ (၃)</u>**။ အမှတ် (၃) အိပ်ဆောင်၊အမှတ် (၅) အိပ်ဆောင်၊ ဆေးရုံဆောင်နှင့် တိုက်ခန်းများ၊

(ဃ) **<u>အဖွဲ့ (၄)</u>**။ အမျိုးသမီးအိပ်ဆောင်များ။

၂။ ကြည့်ရှုစစ်ဆေးရေးအဖွဲ့များသည် စာရင်းဇယားများအား ဖတ်ရှုလေ့လာခြင်း၊ အိပ်ဆောင်များအတွင်း ကြည့်ရှုစစ်ဆေးခြင်းနှင့် အကျဉ်းသား၊ အကျဉ်းသူ၆၀ဦး တို့အားတစ်ဦးချင်း သီးခြား တွေ့ဆုံမေးမြန်းခဲ့ပါသည်။

၃။ **စစ်ဆေးတွေ့ရှိချက်များ**

(က) အကျဉ်းသားအင်အား ၅၀၀၀ဦး ဝင်ဆံ့မှုသတ်မှတ်ထားသော်လည်း နိုင်ငံခြားသား ၁၁၉ဦး အပါအဝင်အကျဉ်းသား ၃၅၃၁ဦး၊ အကျဉ်းသူ၉၉၄ဦး ရှိပြီး၊ တရားရုံး၌ အမှုရင်ဆိုင်ဆဲအချုပ်သား၂၉၁၄ဦး၊အချုပ်သူ၄၃၇ဦးရှိပါသည်။သို့ဖြစ်၍အကျဉ်းသား နှင့်အချုပ်သားစုစုပေါင်း၇၈၇၆ဦးရှိကြောင်းတွေ့ရှိရပါသည်။

(ခ) မြိမ်းချမ်းစွာစုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ်ကျ အကျဉ်းသား၆ဦးနှင့် အကျဉ်းသူ၁ဦး၊ ပေါက်ကွဲစေတတ်သောဝတ္ထု ပစ္စည်းများ အက်ဥပဒေ အရပြစ်ဒဏ်ကျအကျဉ်းသား၉ဦး၊ ရာဇသတ်ကြီးဥပဒေပုဒ်မ၅၀၅(ခ) အရပြစ်ဒဏ်ကျအကျဉ်းသား၁၁ဦး၊စုစုပေါင်း၂၇ဦးရှိပါသည်။

(ဂ) မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပါ ပြစ်မှု ကျူးလွန်သောအကျဉ်းသား၊အချုပ်သားများပြားနေပါသည်။

(ဃ) အချို့အကျဉ်းသားများက ၎င်းတို့ကျူးလွန်သောပြစ်မှုနှင့် ကျခံနေရသော ပြစ်ဒဏ်တို့ မှာမျှတခြင်းမရှိဟုသတင်းပို့မှုများရှိပါသည်။

(င ) အကျဉ်းထောင်တွင်တစ်ဆက်တည်းပြစ်ဒဏ်ကျခံနေရသောကာလ (နေသား) ၁၄နှစ် အထက်ရှိသောနိုင်ငံသားအကျဉ်းသား၁၆ဦး၊အကျဉ်းသူ၃ဦးနှင့်နိုင်ငံခြားသားအကျဉ်း သား၅ဦးစုစုပေါင်းအကျဉ်းသား၂၄ဦးရှိပါသည်။၎င်းတို့အနက်အသက်၆၀နှစ်ကျော်လွ န်သူအကျဉ်းသား၈ဦးအားတွေ့ရှိရပါသည်။

(စ) အချို့တိုက်ခန်းများတွင်ခြင်များကိုက်ခြင်း၊ အနံ့အသက်ဆိုးဝါးခြင်း၊ ရေလောင်း အိမ်သာ အတွင်းခြင်များခိုအောင်းနေခြင်းတို့ကိုတွေ့ရှိရပါသည်။

(ဆ) လူငယ်ဆောင်မှ အချို့အကျဉ်းသားများတွင် ဝဲနှင့်ယားနာများဖြစ်ပွားနေခြင်း၊ ဖယောင်းပုဆိုးအခင်းများစုတ်ပြဲနေခြင်းတို့ကိုတွေ့ရှိရပါသည်။

(ဇ) လူငယ်အကျဉ်းသားများအားစာပေဗဟုသုတနှင့် အသက်မွေးဝမ်းကျောင်း ပညာ သင်ကြားပေးမှု များနည်းပါးလာကြောင်းတွေ့ရှိရပါသည်။

(ဈ) အကျဉ်းသားယောဂီ၁၀၀ဆံ့သည့် အပြည်ပြည်ဆိုင်ရာအမြဲတမ်း၁၀ရက် တရားစခန်း တွင်တစ်ကြိမ်ထက်တစ်ကြိမ်ယောဂီအင်အားနည်းပါးလာသည်ကိုတွေ့ရှိရပါသည်။

(ည) ထောင်တွင်းခုတင်၅၀ဆံ့ဆေးရုံတွင် အကျဉ်းသားလူနာ၄၀ခန့် တက်ရောက်ကုသမှု ခံယူနေပြီးသွားရောဂါကုဆရာဝန်မရှိသည်ကိုတွေ့ရှိရပါသည်။

(ဋ) ထောင်တွင်းအမျိုးသမီးဆေးရုံ၌ ဆေးရုံတက်လူနာအကျဉ်းသူ၄၄ဦး၊ ဝန်ထမ်းသူနာပြု ဆရာမ၁ဦးနှင့် သားဖွားဆရာမ၁ဦး သာရှိပြီးအမျိုးသမီးဆရာဝန် မရှိသည်ကို တွေ့ရှိရ ပါသည်။

## ၄။ အကြံပြုတိုက်တွန်းချက်များ

(က) အကျဉ်းထောင်လက်စွဲနှင့် အညီအကျဉ်းထောင်တွင် တစ်ဆက်တည်း ပြစ်ဒဏ်ကျခံနေရသော ကာလ (နေသား) ၁၄နှစ် အထက်ရှိသောအကျဉ်းသားများ၏ ပြစ်ဒဏ်ကို လျှော့ပေါ့ခြင်း၊ လွတ်ငြိမ်းချမ်းသာခွင့်ခွင့်ပြုခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် စိစစ်သင့်ပါသည်။

(ခ) အချုပ်သားများအနက်အာမခံပေးသင့်သူများကိုပေး၍ အချုပ်လွတ်ထုချေခွင့်ပြုခြင်း၊ အချုပ်ကာလကြန့်ကြာနေသောအချုပ်သားများ၏ ပြစ်မှုများကိုမြန်မြန်ဆန်ဆန်နှင့် မှန်မှန်ကန်ကန်စစ်ဆေးစီရင်နိုင်ရန်စိစစ်ခြင်းနှင့်ကူညီခြင်းများပြုလုပ်သင့်ပါသည်။

(ဂ) အရေးပေါ်စီမံမှုအက်ဥပဒေ၊ ပေါက်ကွဲစေတတ်သောဝတ္တုပစ္စည်းများ အက်ဥပဒေ၊ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေစသည်တို့ကို ကျူးလွန်ဖောက်ဖျက်ခဲ့သူအကျဉ်းသားများနှင့်ပတ်သက်၍နိုင်ငံရေးအကျဉ်းသားစိစစ်ရေးကော်မတီနှင့်ဆွေးနွေးသင့်ပါသည်။

(ဃ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေကို ကျူးလွန်သူများ လျော့နည်းပပျောက်စေရေးအတွက်အစီအမံများကိုတိုးမြှင့်ပြုလုပ်သင့်ပါသည်။

(င) သက်ဆိုင်ရာနိုင်ငံအစိုးရများ၊ သံရုံးများနှင့်ဆက်သွယ်၍သင့်တော်သည့် နေသားရှိပြီးဖြစ်သောနိုင်ငံခြားသားအကျဉ်းသားများကိုသက်ဆိုင်ရာနိုင်ငံများသို့ပြစ်မှုဖြင့်လွှဲပြောင်းပေးသင့်ပါသည်။

(စ) နေရာထိုင်ခင်းကြပ်တည်းမှုကို ဖြေရှင်းနိုင်ရန်အတွက်အကျဉ်းသား၊ အကျဉ်းသူအိပ်ဆောင်များကိုတိုးချဲ့ဆောက်လုပ်သင့်ပါသည်။

(ဆ) တတ်ကျွမ်းနားလည်သည့်နည်းပြဆရာများဖြင့် အကျဉ်းသားများအား အသက်မွေးဝမ်းကျောင်း ပညာသင်ကြားမှုများကိုစဉ်ဆက်မပြတ်ဆောင်ရွက်သင့်ပါသည်။

(ဇ) ပညာရေးတစ်ပိုင်းတစ်စဖြစ်နေသော လူငယ်အကျဉ်းသားများအားပညာ သင်ကြားပေးခြင်း၊ စည်းရုံးခြင်း၊ တိုက်တွန်းခြင်း၊ အားပေးခြင်းများဆက်လက်ပြုလုပ်သင့်ပါသည်။

(ဈ) အပြည်ပြည်ဆိုင်ရာအမြဲတမ်း (၁၀) ရက်တရားစခန်းတွင် ယောဂီအင်အား အပြည့်ဝင်ရောက်နိုင်အောင် စီမံဆောင်ရွက်ပေးသင့်ပါသည်။

(ည) ထောင်တွင်း၌ခြင်၊ ယင်၊ကြွက်နှိမ်နင်းခြင်း၊ပိုးသတ်ဆေးများပက်ဖျန်းခြင်း၊ ရေလောင်းအိမ်သာသုံး သန့်ရှင်းရေးပစ္စည်းများဖြည့်ဆည်းပေးခြင်းတို့ကိုဆောင်ရွက်သင့်ပါသည်။

(ဋ) တိုက်ခန်းနေအကျဉ်းသား၊ အချုပ်သားအားလုံးအတွက် ခြင်ထောင်များရရှိရန် စီမံပေးသင့်ပါသည်။

(ဌ) ထောင်တွင်းခုတင်၅၀ဆံ့ ဆေးရုံကိုအဆင့်တိုးမြှင့်၍ ဖွဲ့စည်းပုံနှင့်အညီ ကျန်းမာရေးဝန်ထမ်းများကို ပြည့်စုံစွာခန့်အပ်တာဝန်ပေးသင့်ပြီး လောလောဆယ် သွားရောဂါကုဆရာဝန်နှင့်အမျိုးသမီးဆရာဝန်တို့ကိုဆောလျင်စွာခန့်အပ်သင့်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ။၂၀၁၅ခုနှစ်၊မတ်လ၃ရက်